# ပြည်ထောင်စုမြန်မာနိုင်ငံ
# တိုင်းရင်းသားလူမျိုးများကောင်စီ

## ထုတ်ပြန်ချက် (၂/၂၀၀၄)

တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) နှင့် ၎င်း၏လုပ်ငန်းကော်မီတီဖြစ်သော တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မီတီ (ENSCC) တို့၏ပူးတွဲအစည်းအဝေးကို သက္ကရာဇ် ၂၀၀၄ ခု မေလ (၁၂) ရက်နေ့မှ (၁၄) ရက်နေ့အထိ ထိုင်းမြန်မာနယ်စပ်တနေရာတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အောက်ပါသဘောထားများကို ထုတ်ပြန်ကြေညာလိုက်ပါသည်။

၁။ ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကြုံတွေ့ရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာသည် ဒီမိုကရေစီအင်အားစုနှင့် စစ်အာဏာရှင်စနစ်အကြားဖြစ်ပွားနေသော ဝါဒရေးရာတိုက်ပွဲတခုတည်းမဟုတ်ပေ။ ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားအမျိုးသားခေါင်းဆောင်များ မျှော်မှန်းခဲ့ကြသော **"လူမျိုးပေါင်းစုံချစ်ကြည်ရင်းနှီးရေး၊ တန်းတူရေးနှင့် အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု"** ကိုမတည်ဆောက်နိုင်သည့် အခြေခံပြဿနာမှ စတင်ဖြစ်ပွားနေသော **"နိုင်ငံရေးပြဿနာ"** ပင်ဖြစ်သည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတွင်ရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းသွားရန် မိမိတို့တိုင်းရင်းသားအမျိုးသားများမှ လိုလားတောင်းဆိုနေပါသည်။ ထိုသို့ဖြေရှင်းရာတွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချမှတ်ထားသည့် **"သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ"** ဖြင့် ဖြေရှင်းခြင်းသည်သာလျှင် အကောင်းဆုံး ဖြစ်သည်ဟု မိမိတို့ခံယူထားပါသည်။

၃။ နအဖ စစ်အုပ်စုသည် နိုင်ငံတော်အေးချမ်းသာယာရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို ဥပေက္ခာပြုလျှက် ၎င်းတို့ဆုပ်ကိုင်ထားသော အာဏာဆက်လက်တည်မြဲရေးနှင့် စစ်အာဏာရှင်စနစ်ကို တရားဝင်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ၁၉၉၆ ခုနှစ်တွင် ရပ်ဆိုင်းထားခဲ့သော အမျိုးသားညီလာခံကို လာမည့်မေလ (၁၇) ရက်နေ့တွင် ပြန်လည်ကျင်းပရန် ပြင်ဆင်နေပါသည်။

၄။ နအဖစစ်အုပ်စုအနေဖြင့် ဤအမျိုးသားညီလာခံကို ခေါ်ယူကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ — **"တရားမဝင်အစိုးရ"** (*De facto* Government) ကို **"တရားဝင်အစိုးရ"** (*De jure* Government) ဖြစ်စေရေးသာမက စစ်အာဏာရှင်စနစ်ကို နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်း နိုင်ရေးပင်ဖြစ်သည်။

၅။ နအဖ စစ်အုပ်စုမှ ကျင်းပရန်ပြင်ဆင်နေသော အမျိုးသားညီလာခံသည် —

(က) အမျိုးသားညီလာခံကို ကာကွယ်ပြဋ္ဌာန်းသည့် ၅/၉၆ အပါအဝင် အမျိုးမျိုးသော တားမြစ်ဟန့်တားသည့် ဥပဒေများကို သတ်မှတ်ပြဋ္ဌာန်းထားခြင်း။

(ခ) အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများကို စစ်အုပ်စု၏ သဘောအတိုင်း သတ်မှတ်ပြဋ္ဌာန်းထားရှိခြင်း။

(ဂ) အမျိုးသားညီလာခံ၏ ဦးတည်ချက် (၆) ရပ်နှင့် အခြေခံမူ (၁၀၄) ချက်တို့ကို အသေသတ်မှတ်ထားခြင်း။

(ဃ) နအဖ၏ အဆင့် (၇) ဆင့်ရှိ နိုင်ငံရေးလမ်းပြမြေပုံသည် ဒီမိုကရေစီစနစ်ထူထောင်ရေးဆီသို့ ဦးတည်ခြင်းမရှိခြင်းကြောင့်၊ ၎င်းတို့ကျင်းပရန်ပြင်ဆင်နေသောညီလာခံသည် စစ်မှန်သော အမျိုးသားညီလာခံမဟုတ်ကြောင်း မိမိတို့တိုင်းရင်းသားလူမျိုးများကောင်စီမှ ရှုမြင်သုံးသပ်ထားပါသည်။

၆။ နအဖ စစ်အုပ်စုအနေဖြင့် ဤကဲ့သို့သောလုပ်ရပ်မျိုးကို တဘက်သတ်လုပ်ဆောင်နေခြင်းသည် တရားမဝင်အစိုးရက တရားမဝင် အမျိုးသားညီလာခံတရပ်ကို ခေါ်ယူကျင်းပခြင်းဖြစ်၍ ထို တရားမဝင်အမျိုးသားညီလာခံမှ ရေးဆွဲပြဋ္ဌာန်းမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည်လည်း တရားမဝင်သောနိုင်ငံတော်ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံ ဥပဒေတရပ်သာ ဖြစ်လာမည် ဖြစ်ပါသည်။

၇။ ထို့ကြောင့်တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားရေး ကြားစေ့ရေးကို ရှေ့ရှုနိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အတိုင်း နအဖ စစ်အုပ်စု၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများအင်အားစုတို့ပါဝင်သော "သုံးပွင့်ဆိုင်ဆွေးနွေးပွဲ" ကိုအမြန်ဆုံးခေါ်ယူကျင်းပခြင်းသည်သာလျှင် အမှန်ကန်ဆုံးဖြစ်သည်ဟု ယုံကြည်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တိုင်းရင်းသားလူမျိုးများကောင်စီ**

နေ့စွဲ။ ။ သက္ကရာဇ် ၂၀၀၄ ခုနှစ် မေလ (၁၄) ရက်

Contact Person:


1. Saw Ba Thin Sein (Chairman, ENC)
   Tel: 0 9634 1490
   E-mail address: botulip@cscoms.com

2. Dr. Lian H Sakhong (Secretary, ENC)
   Tel: 0 6185 3325
   E- mail address: liansakhong@hotmail.com